စိတ်ကူးချိုချိုအနုပညာ

# ငွေကြေး၊ ဘဏ်စနစ်၊ ဘဏ္ဍာရေးဈေးကွက်နှင့် အရင်းအနှီးဈေးကွက်များ

မောင်ဘို(မြန်အောင်)



mgyoe.com

mgyoe.com



ငွေကြေး၊ ဘဏ်စနစ်၊
ဘဏ္ဍာရေးဈေးကွက်နှင့်
အရင်းအနှီးဈေးကွက်များ

မောင်ဘို(မြန်အောင်)

mb0002
1200.00 Ks

mgyoe.com

ငွေကြေးဘဏ်စနစ်ဘဏ္ဍာရေးဈေးကွက်နှင့်အရင်းအနှီးဈေးကွက်များ
မောင်ဘို(မြန်အောင်)

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၁ ၄၈၈ ၁၁၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀ ၁၃၇ ၀၂၀၂ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | အမ်အက်စ်ဒီ |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) |

၁၃၁ · ၃
မောင်ဘို (မြန်အောင်)
ငွေကြေး၊ ဘဏ်စနစ်၊ ဘဏ္ဍာရေးဈေးကွက်နှင့်
အရင်းအနှီးဈေးကွက်များ /မောင်ဘို(မြန်အောင်)- ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂၊စာမျက်နှာ ၈၁ မျက်နှာ၊
၁၃ စင်တီ× ၂၀·၅ စင်တီ
(၁)ငွေကြေး ဘဏ်စနစ် ဘဏ္ဍာရေးဈေးကွက်နှင့် အရင်းအနှီးဈေးကွက်များ

၂၀၁၂၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၂၀၀ ကျပ်

mgyoe.com

mgyoe.com

# မာတိကာ


၄ စာရေးသူ၏အမှာ
၄ နိဒါန်း

အပိုင်း(၁)
ငွေကြေးနှင့်ဘဏ်စနစ်
- ငွေဆိုတာ ဘာလဲ ၇
- ငွေအမျိုးအစား(သို့မဟုတ်)ငွေပေးချေမှုအမျိုးအစား ၁၁
- ဘဏ်စနစ် ၁၂
- ဗဟိုဘဏ်၏ဆောင်ရွက်ချက်များ ၁၃
- ကူးသန်းရောင်းဝယ်ရေးဘဏ်များ၏ဆောင်ရွက်ချက်များ ၁၆

အပိုင်း(၂)
ငွေကြေးမူဝါဒ ၁၉

အပိုင်း(၃)
ဘဏ္ဍာရေးဈေးကွက်များ ၂၄
- ဘဏ္ဍာရေးဈေးကွက်များ၏လုပ်ဆောင်ချက်များ ၂၅
- ဘဏ္ဍာရေးဈေးကွက်များဖွဲ့စည်းတည်ဆောက်ထားမှု ၂၇
- ချေးငွေနှင့်အစုရှယ်ယာဈေးကွက် ၂၈
- မူလဈေးကွက်နှင့် ဒုတိယဈေးကွက် ၂၉


mgyoe.com

mgyoe.com


- စုစည်းထားသော ရောင်း၀ယ်ရေးဈေးကွက်နှင့် ကောင်တာမှ တဆင့်ရောင်းချသော ဈေးကွက် ၃၀
- ငွေကြေးဈေးကွက်နှင့်အရင်းအနှီးဈေးကွက် ၃၁

အပိုင်း(၄)

အရင်းအနှီးဈေးကွက်များ ၃၂

- ချေးငွေဈေးကွက် ၃၂
- အစုရှယ်ယာဈေးကွက် ၃၆
- အစုရှယ်ယာဈေးနှုန်းနှင့် အညွှန်းကိန်းများ ၃၈
- အရင်းအနှီးဈေးကွက်တွင် ရင်းနှီးမြှုပ်နှံကြရာ၌သတိထား ဆောင်ရွက်ရမည့် အချက်များ ၄၀

အပိုင်း(၅)

နိုင်ငံခြားငွေလဲလှယ်ရေးဈေးကွက် ၄၅

- နိုင်ငံခြားငွေလဲလှယ်ရေးဈေးကွက်ဆိုတာ ဘာလဲ ၄၆
- နိုင်ငံခြားငွေလဲလှယ်မှုဆောင်ရွက်ပုံ ၄၆
- နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထားဖြစ်ပေါ်သတ်မှတ်ပုံ ၄၈
- ရွှေစံချိန်စနစ် ၄၉
- ဘရက်တန်ဝုဒ်စနစ် ၅၀
- အမေရိကန်ဒေါ်လာနှင့် ဥရောပတိုက်ယူရိုငွေကြေး ၅၁
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ယွမ်ငွေကြေး ၅၃
- မိမိနိုင်ငံ၏ငွေကြေးကို အခြားနိုင်ငံတစ်ခု၏ ငွေကြေးဖြင့် တန်ဖိုးချိတ်ဆက်ထားခြင်းအပေါ် သုံးသပ်တင်ပြချက် ၅၃
- နိုင်ငံခြားငွေ လဲလှယ်နှုန်းနှင့် ကမ္ဘာ့ရေနံဈေးနှုန်း ၅၅

အပိုင်း(၆)

ငွေကြေးဖောင်းပွမှုပြဿနာ ၅၇

- ငွေကြေးဖောင်းပွမှု၏ အကြောင်းရင်းများ ၅၇
- ငွေကြေးဖောင်းပွမှုအဆင့်များ ၆၀
- ကမ္ဘာ့ငွေကြေးဖောင်းပွမှု အလွန်အကျွံဖြစ်ပေါ်လာမှုများ ၆၁


mgyoe.com

mgyoe.com

- ငွေကြေးဖောင်းပွမှု၏ ဆိုးကျိုးများ ၆၂
- ငွေကြေးဖောင်းပွမှုအတွက် ကုစားဆောင်ရွက်ရမည့် နည်းလမ်းများ ၆၂

အပိုင်း(၇)
ဘဏ္ဍာရေးအကြပ်အတည်းဖြစ်ပေါ်မှု ၆၄

အပိုင်း(၈)
ဆွေးနွေးပွဲစကားဝိုင်း ၆၉


◉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စာရေးသူ၏အမှာ

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံ(Asean) ၏ အသင်းဝင်နိုင်ငံတစ်ခု ဖြစ်ပါသည်။ ယခုအခါ အာဆီယံနိုင်ငံများသည် ဈေးကွက်စီးပွားရေးစနစ်ကို တည်ဆောက်ကြပြီး မိမိတို့နိုင်ငံ၏ စီးပွားရေးကို တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်နေကြပါသည်။ ထို့အတူ မြန်မာနိုင်ငံသည်လည်း ဈေးကွက်စီးပွားရေးစနစ်ကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိပါသည်။ အာဆီယံနိုင်ငံများသည် အသင်းအဖွဲ့တစ်ခုအနေဖြင့် စုပေါင်း၍ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြသည့်အခါ အသင်းဝင်နိုင်ငံများအားလုံး တက်ညီလက်ညီ ဆောင်ရွက်ကြမှသာ အာဆီယံအသင်းကြီးသည် ကမ္ဘာ့အလယ်တွင် အခြားနိုင်ငံများနှင့်လည်းကောင်း မိမိတို့ကဲ့သို့ နိုင်ငံများစုပေါင်းဖွဲ့စည်းထားကြသည့် ဒေသအလိုက်စီးပွားရေးအုပ်စု နိုင်ငံများနှင့် လည်းကောင်း၊ ရင်ဘောင်တန်းဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံတွင် အသင်းဝင်နိုင်ငံ ပေါင်း (၁၀)နိုင်ငံရှိသည့်အနက် ဈေးကွက်စီးပွားရေးစနစ် ခိုင်မာစွာ တည်ဆောက်နိုင်ကြပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများ၊ ဈေးကွက်စီးပွားရေးစနစ်၏ အခြေခံများ အသင့်အတင့်ခိုင်မာစွာ တည်ဆောက်နိုင်ပြီး စီးပွားရေးအသင့်အတင့် ဖွံ့ဖြိုးနေသော နိုင်ငံများနှင့် ဈေးကွက်စီးပွားရေးစနစ်၏ အခြေခံများ ကောင်းမွန်စွာ မတည်ဆောက်နိုင်ကြသေးသဖြင့် စီးပွားရေးဖွံ့ဖြိုးမှုနောက်ကျနေသော နိုင်ငံများ ဟူ၍ အမျိုးမျိုးရှိကြပါသည်။ ထိုအထဲတွင် ဈေးကွက်စီးပွားရေးစနစ်ခိုင်မာစွာ မတည်ဆောက်နိုင်သေးဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော နိုင်ငံများမှာ လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့ဖြစ်ကြောင်းတွေ့ရှိရပါသည်။

mgyoe.com

mgyoe.com


အာဆီယံအသင်းအနေဖြင့် အာဆီယံအသင်းဝင် နိုင်ငံများအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှု ရှိစေရန်အတွက် ဖွံ့ဖြိုးမှုနောက်ကျနေသော လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံများတွင် ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်မှု ရှိလာစေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၅ခုနှစ်အမီ ထိုနိုင်ငံများတွင် အရင်းအနှီးဈေးကွက် (Capital Market)ဖွံ့ဖြိုးပြီးဖြစ်အောင် ဆောင်ရွက်ထားကြရန် အချိန်ကာလ သတ်မှတ်ထားကြောင်း သိရှိရပါသည်။ ဈေးကွက်စီးပွားရေးစနစ်၏ အခြေခံများမှာ နိုင်ငံတစ်ခုအတွင်း ငွေကြေးနှင့်ဘဏ်စနစ်(Money and Banking System)၊ ဘဏ္ဍာရေးဈေးကွက်၊ (Financial Market)များ၊ အရင်းအနှီးဈေးကွက် (Capital Market)များ စနစ်တကျဖွံ့စည်းတည်ဆောက်ထားရန် လိုသကဲ့သို့ အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ စနစ်တကျ ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအတွင်း၌ နိုင်ငံခြားငွေ လဲလှယ်ရေးဈေးကွက် (Foreign Exchange Market)များ ကောင်းမွန်စွာ ဖွံ့ဖြိုးတိုးတက်နေရန်လည်း လိုအပ်ပါသည်။

အာဆီယံအသင်းကြီးက အသင်းဝင်နိုင်ငံများအနက် ဖွံ့ဖြိုးမှုနောက်ကျနေသော လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့တွင် အရင်းအနှီးဈေးကွက် (Capital Market)ကို သက္ကရာဇ် ၂၀၁၅ ခုနှစ်အမီ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဆောင်ရွက်ကြရန် အချိန်ကာလ သတ်မှတ်ပြီး တွန်းအားပေးဆောင်ရွက်နေရာ မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးမှုအခြေအနေ မည်ကဲ့သို့ရှိသည်ကို လေ့လာဆန်းစစ်ဖို့ လိုပေသည်။ သို့ဖြစ်လျှင် အရင်းအနှီးဈေးကွက်ဆိုတာဘာလဲ၊ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးမှုရှိအောင် ဘာတွေလုပ်ရမည်လဲ၊ အရင်းအနှီးဈေးကွက်ဆိုသည်မှာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို အခြေခံ၍ လုပ်ဆောင်နေသော ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာရန် အဆိုပါစီးပွားရေးလုပ်ငန်းများ တွင်တွင်ကျယ်ကျယ်လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သော ငွေရင်းငွေနှီးများ၊ လုံလုံလောက်လောက် စုဆောင်းရှာဖွေနိုင်ရန် လိုပါသည်။ ၎င်းကဲ့သို့ ငွေရင်းငွေနှီးများ ရှာဖွေစုဆောင်းနိုင်မည့် အစီအစဉ်များ ဖန်တီးပေးနိုင်မည့်ဈေးကွက်သည် အရင်းအနှီးဈေးကွက်ဖြစ်သည်။

သို့ဖြစ်လျှင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၏ အရင်းအနှီး ရှာဖွေစုဆောင်းနိုင်မည့် ဈေးကွက်များသည် ဘာလဲ၊ ငွေကြေးအရင်းအနှီး ရှာဖွေစုဆောင်းနိုင်မည့်ဈေးကွက်များသည် အဓိကအားဖြင့် ကဏ္ဍနှစ်ခုရှိပါသည်။ ပထမတစ်ခုသည် ငွေချေးစာချုပ်ဈေးကွက် (Bond Market) ဖြစ်ပြီး နောက်တစ်မျိုးသည်

mgyoe.com

အစုရှယ်ယာဈေးကွက်( Stock Market)ဖြစ်သည်။ မြန်မာနိုင်ငံ၏ ငွေချေးစာချုပ်ဈေးကွက်နှင့် အစုရှယ်ယာ ဈေးကွက်များမည်မျှအထိ တိုးတက်ဖွံ့ဖြိုးနေကြပါသနည်း။

၂၀၁၀ခုနှစ်အစပိုင်းလောက်တွင် မြန်မာနိုင်ငံ၏ ဗဟိုဘဏ်က သက်တမ်း(၂)နှစ်ရှိသော ငွေတိုက်စာချုပ်(Treasury Bond)များ ထုတ်ဝေခဲ့ကြောင်း သိရှိရပါသည်။ ထိုကဲ့သို့ နိုင်ငံတော်ဗဟိုဘဏ်က ငွေတိုက်စာချုပ်များ ထုတ်ဝေခြင်းသည် မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်ကို စတင်အကောင်အထည် ဖော်နိုင်ရန်အတွက် ကနဦး စတင်ဆောင်ရွက်မှုဖြစ်ကြောင်း မီဒီယာသတင်းများက ဆိုကြပါသည်။ ငွေချေးစာချုပ်များကို စီးပွားရေးကုမ္ပဏီများကလည်း ထုတ်ခွင့်ရှိရာ မြန်မာနိုင်ငံကုမ္ပဏီများက ငွေချေးစာချုပ်များထုတ်ဝေပြီး အရင်းအနှီးရှာဖွေသည့် လုပ်ငန်း စတင်ခြင်းမရှိသေးကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ငွေချေးစာချုပ်ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာခြင်းမရှိသေးကြောင်း တွေ့ရှိရပါသည်။

ထို့နောက် အရင်းအနှီးဈေးကွက်၏ ကဏ္ဍတစ်ခုဖြစ်သော အစုရှယ်ယာဈေးကွက် စတင်အကောင်အထည်ဖော်နိုင်ရန်အတွက် ဂျပန်နိုင်ငံ ဒိုင်ဝအဖွဲ့အစည်း(Diawa Institute of Research)က မြန်မာနိုင်ငံတွင် သုတေသနပြုပြီး လာရောက် ကူညီဆောင်ရွက်နေသော်လည်း ယခုအချိန်အထိ အစုရှယ်ယာ ရောင်းဝယ်ရေးဈေးကွက်( Stock Exchange)တစ်ခု ဖွဲ့စည်းဆောင်ရွက်နိုင်သေးခြင်း မရှိကြောင်း တွေ့ရသည်။ ဂျပန်နိုင်ငံ ဒိုင်ဝကုမ္ပဏီနှင့် မြန်မာ့စီးပွားရေးဘဏ်တို့ ပူးပေါင်းပြီး မြန်မာ့ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီ(Myanma Securities Exchange Centre Co., Ltd)(MSEC)ကို ဖွဲ့စည်းပြီး မြန်မာနိုင်ငံတွင် အစုရှယ်ယာထုတ်ဝေရောင်းချခွင့်ရှိသော အများပိုင်ကုမ္ပဏီ(Public Company)များမှ ထုတ်ဝေသော အစုရှယ်ယာများကို အများပြည်သူသို့ ရောင်းချပေးခြင်းလုပ်ငန်းကိုသာ ဆောင်ရွက်ပေးနေကြောင်းသိရပါသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် ဖွဲ့စည်းကြသော ကုမ္ပဏီအများစုသည် အစုရှယ်ယာထုတ်ဝေရောင်းချခွင့်မရှိသော (Private Company)များသာဖြစ်ပြီး အရင်းအနှီးဈေးကွက်ကိုဖော်ဆောင်နိုင်မည့် ၊ အစုရှယ်ယာများ ထုတ်ဝေရောင်းချခွင့်ရှိသည့် အများပိုင်ကုမ္ပဏီ(Public Company)များ ဖွဲ့စည်းမှုနည်းပါးသဖြင့် မြန်မာနိုင်ငံတွင် အစုရှယ်ယာရောင်းဝယ်ရေးဈေးကွက် (Stock Exchange) မပေါ်ပေါက် နိုင်သေးချေ။

မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးမှုနောက်ကျနေသေးသော လာအိုနိုင်ငံနှင့် ကမ္ဘော

mgyoe.com


ဒီယားနိုင်ငံများ၏ အခြေအနေကို တစေ့တစောင်း လေ့လာကြည့်သောအခါ တောင်ကိုရီးယားနိုင်ငံ၏ (Stock Exchange)သည် မကြာခင်က ဖွင့်လှစ်ခဲ့သော လာအိုနိုင်ငံ၏ (Stock Exchange)တွင် ပါဝင်ဆောင်ရွက်နေကြောင်းနှင့် လာမည့် ဇူလိုင်လတွင် ဖွင့်လှစ်မည့် ကမ္ဘောဒီးယားနိုင်ငံ၏ (Stock Exchange) တွင်လည်း ပါဝင်ဆောင်ရွက်နေကြောင်း ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့ ထုတ် မော်ဒန်သတင်းဂျာနယ်၏ သတင်းတစ်ပုဒ်က ဆိုထားပါသည်။ ဤသတင်း အရဆိုလျှင် လာအိုနှင့် ကမ္ဘောဒီယားနိုင်ငံများတွင် (Stock Exchange)များ ဖွဲ့စည်းပြီးနှင့် ဖွဲ့စည်းဆဲအခြေအနေတွင်ရှိကြောင်း တွေ့ရှိရပါသည်။ ဤအတိုင်း ဆိုပါက မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံနိုင်ငံများကို အမှီလိုက်နိုင်ရန် အရင်း အနှီးဈေးကွက် ဖွံ့ဖြိုးမှုရှိလာစေရေးအတွက် အချိန်မီဆောင်ရွက်သင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

သို့ဖြစ်၍ ခေတ်မှီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်မည့် မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် ဈေးကွက်စီးပွားရေးစနစ်၏ အခြေခံများအကြောင်းနှင့် ၎င်းအခြေခံများ ဖွံ့ဖြိုး တိုးတက်မှုရှိစေရန်အတွက် ဆောင်ရွက်ရန်လိုအပ်ပုံ အကြောင်းများကို တင်ပြလိုက် ရပါကြောင်း။

မောင်ဘို(မြန်အောင်)
၂၀၁၁ ခုနှစ်

mgyoe.com

mgyoe.com

# နိဒါန်း

သက္ကရာဇ် ၂၀၁၀ ခုနှစ်သည် မြန်မာနိုင်ငံအတွက် ထူးခြားသော နှစ်တစ်နှစ် ဖြစ်သည်။ ၂၀၁၀ခုနှစ်တွင် ပါတီစုံရွေးကောက်ပွဲကြီးကို ကျင်းပပြီး မြန်မာနိုင်ငံအား ဖွဲ့စည်းအုပ်ချုပ်ပုံအသစ်ဖြင့် ရွေးချယ်တင်မြှောက်ခံ ပြည်သူ့ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များဖြင့် ဒီမိုကရေစီကို အခြေခံသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို ဖွဲ့စည်းတည်ဆောက်ကြမည်ဖြစ်ပါသည်။

တိုင်းပြည်၏ နိုင်ငံရေးကို ပါတီစုံဒီမိုကရေစီစနစ်ဖြင့် တည်ထောင်ကြပြီး၊ တိုင်းပြည်၏စီးပွားရေး စနစ်ကိုမူ ဈေးကွက်စီးပွားရေးစနစ်ဖြင့် တည်ဆောက်အကောင်အထည်ဖော်ကြမည်ဖြစ်ပါသည်။ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် ဈေးကွက်စီးပွားရေးစနစ်အခြေခံများ စနစ်တကျ တည်ဆောက်ကြရန်လိုပေမည်။ ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကကုန်သည်များ လွတ်လွတ်လပ်လပ် ကုန်ရောင်းကုန်ဝယ်ဖြစ်နေရုံမျှဖြင့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်နေပြီဟုမဆိုနိုင်သေးပေ။ ဈေးကွက်စီးပွားရေးစနစ်၏ အခြေခံကောင်းများသည် အခြားဈေးကွက်ဖွံ့ဖြိုးပြီးနိုင်ငံများမှာကဲ့သို့ ပီပီပြင်ပြင် ဖြစ်ပေါ်နေရန်လည်း လိုအပ်ပါသေးသည်။ အထူးသဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ချောမွေ့စွာ လှုပ်ရှားအကောင်အထည်ဖော်ကြမည့် ငွေကြေးနှင့် ဘဏ်စနစ် (Money and Banking System)၊ ဘဏ္ဍာရေးဈေးကွက်များ (Financial Markets)၊ အရင်းအနှီးဈေးကွက်များ (Capital Markets)၊ နိုင်ငံခြားငွေ လဲလှယ်ရေး ဈေးကွက်(Foreign Exchange Markets) များစနစ်တကျ ဖွဲ့စည်းလှုပ်ရှားနေရန်လည်း လိုအပ်ပါသေးသည်။

mgyoe.com

mgyoe.com

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံတစ်ခုဖြစ်သကဲ့သို့ အရှေ့တောင်အာရှနိုင်ငံများအသင်း (Asean)၏ အသင်းဝင်နိုင်ငံတစ်ခုလည်းဖြစ်ပါသည်။ လက်ရှိမြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးမှုအခြေအနေကို ကမ္ဘာပေါ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသော အနောက်နိုင်ငံများ၊ ဂျပန်၊ တောင်ကိုရီးယား၊ စသော စီးပွားရေးဖွံ့ဖြိုးပြီးသော အာရှတိုက်နိုင်ငံများနှင့် နှိုင်းယှဉ်ခြင်းမပြုမိ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ချိန်ထိုးနှိုင်းယှဉ်ကြည့်သင့်သည်။ Asean ခေါ် အရှေ့တောင်အာရှနိုင်ငံများအသင်းဝင် နိုင်ငံ(၁၀)နိုင်ငံရှိရာ၊ ၎င်းတို့အနက် စင်္ကာပူ၊ ထိုင်းနှင့် မလေးရှားနိုင်ငံများသည် ဈေးကွက်စီးပွားရေးစနစ်များစွာ ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများဖြစ်ကြပြီး အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံများသည် ဈေးကွက်စီးပွားရေး စနစ်အတွက်အသင့်အတင့် ဖွံ့ဖြိုးနေသော နိုင်ငံများဖြစ်ကြပါသည်။ ဖွံ့ဖြိုးမှုနောက်ကျနေသော နိုင်ငံများမှာ လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့ဖြစ်ကြသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ဖွံ့ဖြိုးမှုအတွက် အရှေ့တောင်အာရှနိုင်ငံများကိုပင် အမှီလိုက်ရန် အတော်လိုအပ်နေပါသေးသည်။ ထို့ကြောင့်ပင် အရှေ့တောင်အာရှ အသင်းဝင်နိုင်ငံများဖြစ်သော လာအို၊ ကမ္ဘောဒီယားနှင့် မြန်မာနိုင်ငံများအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ဈေးကွက်စီးပွားရေးစနစ်၏ အခြေခံတစ်ခုဖြစ်သော အရင်းအနှီးဈေးကွက်( Capital Markets) ဖွံ့ဖြိုးပြီးဖြစ်ရန်အတွက် ဆောင်ရွက်ကြရန် (Asean) အသင်းကြီးက မှုချမှတ်ထားကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး အတွက် ဈေးကွက်စီးပွားရေးစနစ်၏ အခြေခံများဖြစ်သော ငွေကြေးနှင့်ဘဏ်စနစ် (Money and Banking System) ၊ ဘဏ္ဍာရေးဈေးကွက်များ ( Financial Markets )၊ အရင်းအနှီးဈေးကွက်များ (Capital Market)၊ နိုင်ငံခြားငွေ လဲလှယ်ရေးဈေးကွက် (Foreign Exchange Markets)များ၏ အခြေခံများကို သိရှိနိုင်ရန် တင်ပြလိုပါသည်။

◉

mgyoe.com

mgyoe.com

## အပိုင်း(၁)
## ငွေကြေးနှင့် ဘဏ်စနစ်

**ငွေဆိုတာဘာလဲ**

"ဂုဏ် . . . ဂုဏ် . . . ဂုဏ် ဆိုတာ ငွေကိုခေါ်တယ် . . . ငွေကိုသာ ရေလို သုံးရင် . . . တစ်ပြည်လုံးမှာ လုပ်သမျှတင့်တယ်" ယခင်က ကျွန်တော်တို့ ကြားဖူးခဲ့သော သီချင်းတစ်ပုဒ်၏အစပိုင်း ဖြစ်ပါသည်။ ငွေရှိရင် ဂုဏ်ရှိတယ်၊ ငွေရှိရင် ကြိုက်တာလုပ်လို့ရတယ်၊ လုပ်သမျှတင့်တယ်သည်ဟု အဓိပ္ပာယ်ရသည်။ လူတွေက ငွေကို ကိုးကွယ်ကြသည်။ ငွေကို မရရအောင်ရှာကြသည်။ ငွေရှိတော့ ကြိုက်တာလုပ်ကြသည်။

တကယ်တော့ လူတွေသည် ငွေနောက်ကို လိုက်နေကြသည်။ မနက် မိုးလင်းသည့်အချိန်ကစပြီး နေဝင်မိုးချုပ်သည့်အချိန်အထိ လူတွေသည် ငွေအတွက် အလုပ်လုပ်နေကြရသည်။ ပဲပြုတ်သည်က မနက်မိုးမလင်းမီကတည်းက ပဲပြုတ်ရောင်းရသည်။ မုန့်ဟင်းခါးသည်က မုန့်ဟင်းခါးရောင်းရသည်။ ဆိုက္ကားသမားက ဆိုက္ကားနင်းရသည်။ ဘတ်(စ)ကား ဒရိုင်ဘာက ဘတ်(စ်)ကားမောင်းရသည်။ ရုံးဝန်ထမ်းက မနက်မိုးလင်းကတည်းက ရုံးကိုအချိန်မီရောက်အောင်သွားရသည်။ စတိုးဆိုင်အရောင်းသမားက မနက်ကတည်းက စတိုးဆိုင်ကိုဖွင့်ပြီး ဈေးရောင်းရသည်။ ဒါတွေသည် ငွေရရှိရေးအတွက် အလုပ်မျိုးစုံ လုပ်နေရခြင်းဖြစ်သည်။

ငွေကိုဘာကြောင့် ရှာကြသလဲ၊ လူဖြစ်လာကတည်းက လူတိုင်းသည် စားဝတ်နေရေးနှင့် အခြားကိစ္စများအတွက် သုံးစွဲရန်ငွေလိုသည်။ ထိုအတွက် ငွေကို ရှာကြရသည်။ ပဲပြုတ်သည်သည် နေ့စဉ် ပဲပြုတ်ရောင်းရငွေနှင့် သူနှင့် သူ့မိသားစု အတွက် စားဝတ်နေရေး ဖြေရှင်းရသည်။ ရုံးဝန်ထမ်းက တစ်လရသည့် လစာနှင့်

mgyoe.com

mgyoe.com


သူနှင့်သူ့မိသားစုအတွက် စားဝတ်နေရေး ဖြေရှင်းရသည်။ ထို့ကြောင့် ငွေသည် လူတိုင်းအတွက် မရှိမဖြစ်လိုအပ်နေသောအရာ ဖြစ်နေပေသည်။

စီးပွားရေးပညာရှင်များက ငွေဆိုသည့်အရာကို မည်ကဲ့သို့ အဓိပ္ပာယ် ဖွင့်ဆိုကြပါသနည်း။ စီးပွားရေးပညာရှင်များက ငွေဆိုသည်မှာ ပစ္စည်းများဝယ်ယူရေးတွင်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှုအတွက် ကုန်ကျသော စရိတ်စကများအတွက် ပေးချေရာတွင်လည်းကောင်း အများသူငါက လက်ခံထားသော အရာဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ တစ်နည်းအားဖြင့် ကုန်ပစ္စည်းများ တစ်ဦးနှင့် တစ်ဦးရောင်းဝယ် လဲလှယ်ကြရာတွင်လည်းကောင်း၊ လုပ်ငန်း ဆောင်ရွက်မှုတစ်ခုခုအတွက် ကုန်ကျစရိတ်တန်ဖိုးကို ပေးချေကြရာတွင်လည်းကောင်း၊ ငွေသည် လူတိုင်းလက်ခံကြသည့် ကြားခံပစ္စည်း (Medium of Exchange) ဖြစ်သည်။

ငွေဒင်္ဂါး သို့မဟုတ် ငွေစက္ကူမပေါ်ပေါက်မီ ရှေးအခါက လူတွေသည် အခြားသူပိုင်ဆိုင်သော ပစ္စည်းတို့ကိုလိုချင်သည့်အခါ မိမိပိုင်ပစ္စည်းနှင့် လဲလှယ်ကြရသည်။ ဤသို့လဲလှယ်ခြင်းကို (Bartar)စနစ် ဟုခေါ်သည်။ ငွေမပေါ်မီကာလက ပစ္စည်းခြင်းဖလှယ်ကြရာတွင် အခက်အခဲများစွာ ရှိခဲ့ကြပါသည်။ ဥပမာ– မောင်ဘတွင် ဆန်ရှိသည်။ ဦးလှတွင် ပရိဘောဂရှိသည်။ ဒေါ်မြတွင် အထည်ရှိသည်ဆိုကြပါစို့။ ထိုအခါ ဆန်ရှိသော မောင်ဘသည် ပရိဘောဂလိုချင်သည်၊ ပရိဘောဂရှိသော ဦးလှက ဆန်ကိုမလို အထည်ကို လိုချင်သည်။ သူတို့နှစ်ဦး ကုန်ပစ္စည်းချင်းဖလှယ်ကြရန် အခက်အခဲရှိကြသည်။ တဖန် ပရိဘောဂ ရှိသူ ဦးလှသည် အထည်ကိုလိုချင်သည်၊ အထည်ရှိသူ ဒေါ်မြသည် ပရိဘောဂကို မလို ဆန်ကို လိုချင်သည်၊ ထိုအခါ သူတို့နှစ်ဦး ကုန်ပစ္စည်းချင်းဖလှယ်ရန် အခက်အခဲရှိကြသည်။ ထို့အပြင် ကုန်ပစ္စည်းချင်းဖလှယ်ကြရာတွင် တစ်ဦးတွင်ရှိသောပစ္စည်းနှင့် အခြားတစ်ဦးတွင်ရှိသောပစ္စည်း အကြိုက်တူနေကြသော်လည်း ပစ္စည်းချင်းဖလှယ်ကြရာတွင် တန်ဖိုးသတ်မှတ်လဲလှယ်ကြရန် အခက်အခဲ ရှိနေကြပါသည်။ သို့ဖြစ်၍ ကုန်ပစ္စည်းချင်းဖလှယ်ကြရာတွင် ကြားခံပစ္စည်း (Medium of Exchange)တစ်ခု လိုလာပါသည်။ ဤနေရာတွင် ငွေသည် အသင့်တော်ဆုံး ကြားခံပစ္စည်းဖြစ်လာတော့သည်။

စီးပွားရေးပညာရှင်များက ငွေနှင့်ပတ်သက်၍ နောက် အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ရပ်သည်၊ ငွေဆိုသည်မှာ ပိုင်ဆိုင်မှုတန်ဖိုးအတွက် အရေအတွက်သတ်မှတ်ချက်(Unit of Account)ဟူ၍ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မိမိပိုင်ဆိုင်မှု

mgyoe.com

mgyoe.com


တန်ဖိုးကို တိုင်းတာသည့် ကိရိယာတစ်ခုဖြစ်ပါသည်။ ဥပမာအားဖြင့် တစ်နေရာမှ တစ်နေရာသို့ မည်မျှကွာဝေးသည်ကို မိုင်(သို့မဟုတ်) ကီလိုမီတာဖြင့် တိုင်းတာရပေသည်။ ပစ္စည်းတစ်ခု၏ အလေးချိန်ကို ပေါင်(သို့မဟုတ်)ပိဿာဖြင့် တိုင်းတာရပါသည်။ ထို့အတူ မိမိပိုင်ဆိုင်သော အိမ် သို့မဟုတ် မော်တော်ကား စသည်တို့၏ တန်ဖိုးကို ငွေဖြင့် တိုင်းတာရပါသည်။ မိမိပိုင်သောအိမ်သည် ကျပ်သိန်းဘယ်နှစ်ထောင်တန်သည်ဟူ၍လည်းကောင်း၊ မိမိပိုင်သောကားသည် ကျပ်သိန်းဘယ်နှစ်ရာ တန်သည်ဟူ၍ လည်းကောင်း၊ မိမိပိုင်ဆိုင်သော စိန်၊ ရွှေ၊ ရတနာများသည် ကျပ်သိန်းမည်မျှရှိသည်ဟူ၍လည်းကောင်း၊ တိုင်းတာရာတွင် ငွေသည် အသုံးဝင်လာပါသည်။ ကုန်ပစ္စည်းခြင်းဖလှယ်သည့်စနစ်တွင် ကုန်ပစ္စည်းတစ်ခု၏ တန်ဖိုးတိုင်းတာသည့် ကိရိယာမရှိသဖြင့် ကုန်ပစ္စည်းချင်းဖလှယ်သည့် နေရာတွင် အခက်အခဲရှိခဲ့ကြသည်။ သို့ဖြစ်၍ ပစ္စည်းတစ်ခုချင်း၏ တန်ဖိုးကို တိုင်းတာနိုင်သည့် ကိရိယာဖြစ်သော ငွေသည် အသုံးဝင်လာခြင်း ဖြစ်ပါသည်။

စီးပွားရေးပညာရှင်များဖွင့်ဆိုသော ငွေနှင့်ပတ်သက်၍ တတိယအချက်သည် ပိုင်ဆိုင်မှုတန်ဖိုးကို ထိန်းသိမ်းထားနိုင်မှု(Store of Value)ဖြစ်သည်။ တစ်နည်းအားဖြင့် ဝယ်လိုအားတန်ဖိုး(Purchasing Power)ကို အချိန်ကာလတစ်ခုကြာသည်အထိ ထိန်းထားနိုင်မှုဖြစ်သည်။ ဥပမာ လူတစ်ဦးတစ်ယောက်သည် ၎င်းရရှိလာသော ဝင်ငွေ(Income)ကို ရလျှင်ရခြင်း တစ်ခါတည်း ကုန်အောင် သုံးပစ်လေ့မရှိကြပေ၊ ရရှိထားသော ငွေကို မိမိဝယ်လိုသော ပစ္စည်း(သို့မဟုတ်) သုံးစွဲလိုသော ကိစ္စပေါ်ပေါက်လာသည့်အခါတွင်မှ ထုတ်သုံးခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဝယ်လိုအားတန်ဖိုး(Purchasing Power)ကို သုံးချင်သည့် အချိန်အထိ ထိန်းသိမ်းထားနိုင်သည့်သဘောဖြစ်သည်။

ငွေသည်ပိုင်ဆိုင်မှုတန်ဖိုး ထိန်းသိမ်းထားရာတွင် အကောင်းဆုံးတန်ဖိုးထိန်းကိရိယာတစ်ခုတော့ မဟုတ်ချေ၊ ငွေကဲ့သို့တန်ဖိုးရှိသော အစုရှယ်ယာ၊ မြေ၊ အဆောက်အဦး၊ စိန်ရွှေ ရတနာများသည်လည်း ပိုင်ဆိုင်မှုတန်ဖိုး တစ်နည်းအားဖြင့် ချမ်းသာကြွယ်ဝမှုတန်ဖိုးကို ထိန်းသိမ်းထားနိုင်သော ပစ္စည်းများဖြစ်ကြသည်။ ၎င်းပစ္စည်းများသည် ငွေထက်ပင် ပိုင်ဆိုင်သူအား ပိုမိုတန်ဖိုးတက်စေသော သဘောများ ရှိကြသည်။ လွန်ခဲ့သော အနှစ်(၇၀)ခန့်က ကျပ်သိန်း၅၀ခန့်တန်သော မြေနှင့်အိမ်ယာသည် ယခုအခါ ကျပ်သိန်း ၅၀ထက် အဆပေါင်းများစွာ တန်ဖိုးတက်နေပြီဖြစ်သည်။ လွန်ခဲ့သော အနှစ်(၃၀)ကျော်ခန့်က ရွှေတစ်ကျပ်သားသည် ကျပ်သောင်းဂဏန်းခန့်သာရှိခဲ့ရာ ယခု ရွှေတစ်ကျပ်သား၏တန်ဖိုးသည် (၆)သိန်း

mgyoe.com

mgyoe.com


ကျော်နေပြီဖြစ်သည်။ ထိုသို့ဆိုလျှင် လူတွေသည် ငွေကိုအဘယ်ကြောင့် ပိုမို ထိန်းသိမ်း ပိုင်ဆိုင်ထားလိုကြပါသနည်း။

အဖြေကတော့ ရှင်းပါသည်။ စီးပွားရေးသဘောအရ ငွေဖြစ်လွယ်မှု သဘောတရား(Concept of Liquidity)ကြောင့်ဖြစ်ပါသည်။ Liquidity ဆိုသည်မှာ ပိုင်ဆိုင်ထားသော ပစ္စည်းတစ်ခုသည် ကုန်ပစ္စည်းရောင်းဝယ်ဖလှယ်ရာတွင်လည်းကောင်း၊ ကုန်ကျမှုတစ်ခုခုအတွက် ငွေပေးချေရာတွင်လည်းကောင်း ပစ္စည်းအတိုင်း ပေးချေ၍မရချေ၊ အဆိုပါပစ္စည်းကို ငွေအဖြစ်ပြောင်းလဲပြီးမှသာ ထိုမှထွက်လာသော ငွေဖြင့် ပေးချေကြရလေသည်။ ဥပမာ မြေပိုင်ဆိုင်ထားသူသည် ၎င်းမြေ လောလောဆယ်အသုံးပြုရန်မရှိသေးဘဲ ကားတစ်စီးဝယ်လိုသည့်အခါ တခြားငွေကြေးအဆင့်သင့်မရှိသေးပါက အဆိုပါမြေကို ရောင်းချပြီးမှ ထွက်ပေါ်လာသော ငွေဖြင့် မိမိလိုချင်သော မော်တော်ကားကို ဝယ်ရမည်ဖြစ်ပါသည်။ ထိုအခါ အဆိုပါမြေကို ရောင်းချသည့်အခါ လွယ်လွယ်ကူကူနှင့် မြန်မြန်ဆန်ဆန် ရောင်း၍ရမရ၊ ရောင်းလိုသည့်တန်ဖိုးအတိုင်း ငွေရ မရ စသည့် အခက်အခဲများ ရှိသည်။ မြေကိုကိုင်ထားခြင်းအားဖြင့် တန်ဖိုးတက်သည်မှန်သော်လည်း ၎င်းပုဂ္ဂိုလ် ဆောင်ရွက်လိုသောကိစ္စအတွက် လွယ်လွယ်ကူကူ လျှင်လျှင်မြန်မြန် ဆောင်ရွက်၍ မရပေ။ ဤနေရာတွင် ငွေဖြစ်လွယ်မှု Liquidity ဆိုသော ကိစ္စပေါ်ပေါက်လာသည်။ သို့ဖြစ်ပါ၍ လူတစ်ဦးတစ်ယောက်တွင် အရေးပေါ်သုံးစွဲရန်နှင့် အခြားအရေးပေါ် ရင်းနှီးမြှုပ်နှံရန်ကိစ္စများအတွက် လက်တွင်း၌ ငွေအဆင်သင့်ရှိနေရန် အရေးကြီးပေသည်။ ပစ္စည်းများ ပိုင်ဆိုင်ထားသူသည် သုံးစွဲရန်ကိစ္စ ဆောင်ရွက်ရန် လုပ်ငန်းပေါ်လာချိန်တွင် အဆိုပါပစ္စည်းကို Medium of Exchange ဖြစ်အောင် တစ်နည်းအားဖြင့် ငွေဖြစ်အောင်ပြောင်းလဲပြီးမှ ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ဤနေရာတွင် ငွေကို ကိုင်ထားပါက ထိုငွေသည် မူလကတည်းက Medium of Exchange ဖြစ်နေသဖြင့် အထူးအထွေ အချိန်ကုန်ခံပြီး ပြောင်းလဲနေရန် မလိုတော့ချေ။

ထိုသို့ဆိုလျှင် ငွေသည် မည်မျှကောင်းမွန်သည့် ပိုင်ဆိုင်မှုကို ထိန်းသိမ်းပေးသောအရာဖြစ်သည်ကိုတော့ နိုင်ငံရှိ အထွေထွေကုန်ဈေးနှုန်းများအပေါ် မူတည်ပါသည်။ ငွေကြေးဖောင်းပွသည့်ကာလ (Inflation)အချိန်တွင် အကယ်၍ အထွေထွေ ကုန်ဈေးနှုန်းများ နှစ်ဆတက်သွားပါက ငွေ၏တန်ဖိုး မူလကထက် တစ်ဝက်ကျဆင်းသွားမည်ဖြစ်သည်။ အမေရိကန်ဒေါ်လာသည် တန်ဖိုးခိုင်ခန့်သော ငွေကြေးတစ်ခုအဖြစ် လူအတော်များများသည် ကျပ်ငွေအစား အမေရိကန်ဒေါ်လာကို

mgyoe.com

mgyoe.com

ပိုင်ဆိုင်မှုတန်ဖိုးအတွက် ကိုင်ထားကြပါသည်။ အမေရိကန်ဒေါ်လာသည် ယခင်က တစ်ဒေါ်လာလျှင် ကျပ် (၁၀၀၀) ခန့် ပတ်ဝန်းကျင်တွင် ရှိနေရာမှ ယခုတစ်လော ဒေါ်လာဈေးများ ကျသဖြင့် တစ်ဒေါ်လာလျှင် ကျပ်(၈၀၀) ပတ်ဝန်းကျင်သာ ရှိတော့ သောအခါ ဒေါ်လာပိုင်ဆိုင်ထားသူများ အခက်အခဲ တွေ့နေကြပါသည်။

**ငွေအမျိုးအစား (သို့မဟုတ်) ငွေပေးချေမှု အမျိုးအစား**

ငွေအကြောင်းတင်ပြစဉ်က ငွေသည် ကုန်ပစ္စည်းတစ်ခုခုဝယ်ယူရာတွင်လည်းကောင်း၊ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုအတွက် ငွေပေးချေရာတွင်လည်းကောင်း၊ ကြားခံပစ္စည်းအဖြစ် အသုံးပြုရသည်ဟု ဖော်ပြခဲ့ပါသည်။ ယခုအခါ အဆိုပါ ပစ္စည်းဝယ်ခြင်း၊ သို့မဟုတ် ဝန်ဆောင်မှုအတွက် ငွေပေးချေခြင်း ပြုလုပ်ရာတွင် ပေးချေသည့်အခါ အသုံးပြုနေသည့် ငွေအမျိုးအစားနှင့် ငွေပေးချေမှု စနစ်အမျိုးမျိုးကို တင်ပြလိုပါသည်။

ငွေစက္ကူမပေါ်မီကာလ ကုန်ပစ္စည်းဝယ်ယူမှုအတွက် ငွေပေးချေရာတွင် တန်ဖိုးရှိသော ရုပ်ဝတ္ထု ပစ္စည်းတစ်ခုခုဖြင့် ပေးချေကြသည်။ ဥပမာ တန်ဖိုးရှိသော သတ္တုပစ္စည်း ရွှေ သို့မဟုတ် ငွေတုံး ငွေခဲတို့ဖြင့် ပေးချေကြသည်။ ဤသည်ကို ရုပ်ဝတ္ထုပစ္စည်းငွေ(Commodity Money)ဟုခေါ်ဆိုကြပါသည်။ အဆိုပါ ရွှေစ ငွေစတို့ဖြင့် ငွေပေးချေကြရာတွင် အခက်အခဲများရှိကြသည် ရွှေစငွေစတို့၏ အရွယ်အစားအတိုင်းအတာများ သတ်မှတ်ရန်ခက်ခဲပါသည်။ ရွှေစငွေစတို့ဖြင့် ပေးချေခြင်းအစား စက္ကူပေါ်တွင် ငွေပေးချေမှုတန်ဖိုး အမှတ်အသားရေးသားပြီး ပေးချေရာမှ ငွေစက္ကူများ ရိုက်နှိပ်ထုတ်ဝေလာသည်အထိ ဖြစ်ပေါ်လာသည်။ ၎င်းကို (Fiat Money) သို့မဟုတ် (Paper Currency)ဟုခေါ်ကြသည်။ ထို့နောက်ငွေစက္ကူ ရိုက်နှိပ်ထုတ်ဝေခြင်းကို အစိုးရအဖွဲ့အစည်းတစ်ခုခုက တရားဝင်ပြုလုပ်လာကြသည်။ အစိုးရအဖွဲ့အစည်းတစ်ခုခုက တရားဝင်ရိုက်နှိပ်ပြီး ဖြန့်ချိလာသောအခါ ငွေစက္ကူကို တရားဥပဒေအရ ငွေပေးချေရာတွင် လက်ခံနိုင်သောအရာ (Legal Tender) ဟု သတ်မှတ်လာကြသည်။ ငွေစက္ကူကို အစိုးရအဖွဲ့အစည်းက တာဝန်ခံပြီး ဗဟိုဘဏ် (Central Bank)က ထုတ်ဝေခြင်းဖြစ်ပါသည်။ ငွေစက္ကူရိုက်နှိပ်ထုတ်ဝေလာခဲ့သဖြင့် ငွေကိုသယ်ယူရာတွင်လည်းကောင်း၊ ပေးချေရာတွင်လည်းကောင်း ပိုမိုလွယ်ကူလာကြပါသည်။

mgyoe.com

mgyoe.com

သို့ရာတွင် ငွေစက္ကူ၏ အားနည်းချက်တစ်ခုသည် ငွေစက္ကူများကို မသမာသူများက အလွယ်တကူ ခိုးယူနိုင်သည့်အတွက်လည်းကောင်း၊ ငွေများများ ပေးချေရသည့် အခါများတွင် ငွေစက္ကူများကို အမြောက်အမြား သယ်ယူပို့ဆောင်ရသည့်ဒုက္ခ ပေါ်ပေါက်လာသည်။ သို့ဖြစ်၍ ဘဏ်စနစ်ပေါ်လာသည့်အခါ ငွေစက္ကူဖြင့် ပေးချေခြင်းအစား ချက်လက်မှတ်(Cheque)ဖြင့်ပေးချေသည့် စနစ်ပေါ်ပေါက်လာသည်။ ဘဏ်များတွင် အပ်နှံထားသောငွေများကို တစ်ဦးနှင့်တစ်ဦး ငွေပေးချေသည့်အခါတွင် ဘဏ်မှထုတ်ပေးထားသော ချက်လက်မှတ်တွင် ငွေပေးချေလိုသော တန်ဖိုးကိုရေးသားပြီး တာဝန်ရှိသူက လက်မှတ်ထိုးပေးသောအခါ ငွေစက္ကူအမြောက်အမြားသယ်ယူရန် မလိုတော့ဘဲ ချက်စာရွက်တစ်ရွက်ဖြင့်သာ ပေးချေလိုသော ငွေပမာဏကို လွှဲပြောင်းပေးချေနိုင်တော့သည်။ ထိုကဲ့သို့ ချက်လက်မှတ်ကို သုံးစွဲခြင်းဖြင့် ငွေစက္ကူအမြောက်အများကို သယ်ဆောင်ယူသွားရန် မလိုအပ်တော့သဖြင့် ငွေစက္ကူများ ပျောက်ဆုံးမှုနှင့် ခိုးယူခြင်းခံရမှုများမှ ရှောင်လွှဲနိုင်ကြပါသည်။

နောက်ထပ်ဆန်းသစ်လာသော ငွေပေးချေမှုတစ်မျိုးသည် (Electronic Payment)ခေါ် Internet နှင့် Computer သုံးခြင်းဖြင့် တစ်နေရာမှတစ်နေရာသို့ ငွေလွှဲပြောင်းပေးပို့ရာတွင် ငွေများသယ်ယူပြီး သွားရောက် ပေးချေရန်မလိုတော့သကဲ့သို့ ချက်လက်မှတ်ကို လူကိုယ်တိုင်သော်လည်းကောင်း စာတိုက်မှ တစ်ဆင့်သော်လည်းကောင်း ပေးပို့ရန်မလိုတော့ချေ။ ဘဏ်များတွင် Internet Websites များ တပ်ဆင်အသုံးပြုခြင်းဖြင့် ဘဏ်စာရင်းတစ်ခုမှ အခြားဘဏ်စာရင်းတစ်ခုသို့ Computer ကို ခလုပ်နှိပ်ခြင်းဖြင့် ငွေလွှဲပြောင်းပေးပို့နိုင်ပါသည်။ ဤငွေအမျိုးအစားကို Electronic Money သို့မဟုတ် e-Money ဟုခေါ်ဆိုကြပါသည်။

ပိုမိုအဆင့်မြင့်လာသော e-Money ကတော့ Smart Card သုံးခြင်းဖြစ်သည်။ Smart Card ဆိုသည်မှာ ကြိုတင်ငွေထည့်သွင်းထားသော တယ်လီဖုန်းကဒ် (Prepaid Phone Card)အမျိုးအစားဖြစ်သည်။ ၎င်းကို Stored Value Card ဟုလည်းခေါ်ဆိုကြသည်။

## ဘဏ်စနစ် (Banking System)

နိုင်ငံတစ်ခု၏ ဘဏ်စနစ်တွင် ဗဟိုဘဏ် (Central Bank)သည် အဓိကကြိုးကိုင်လှုပ်ရှားသူ ဖြစ်သည်။ ဗဟိုဘဏ်၏ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

mgyoe.com

mgyoe.com

ဗဟိုဘဏ်၏ဆောင်ရွက်ချက်များ

(က) ငွေစက္ကူနှင့်ငွေအကြွေစေ့များထုတ်ဝေခြင်း

ဗဟိုဘဏ်သည် နိုင်ငံတစ်ခု၏ ငွေစက္ကူနှင့် ငွေအကြွေစေ့များကို ထုတ်ဝေခွင့် တစ်ဦးတည်း ရရှိထားသဖြင့် နိုင်ငံ၏ငွေကြေးမူဝါဒ (Monetary Policy)ကို အဓိက စီမံခန့်ခွဲပိုင်ဆိုင်ခွင့်ရရှိထားသည်။ သို့ဖြစ်၍ နိုင်ငံအတွင်း လှည့်ပတ်သုံးစွဲနေသော ငွေပမာဏ (Money Supply)ကို ချုပ်ကိုင်ထားနိုင်ပါသည်။ နိုင်ငံအတွင်း လှည့်ပတ်သုံးစွဲနေသော ငွေပမာဏသည် ရှိသင့်သည်ထက် ပိုမိုများနေပါက ငွေကြေးဖောင်းပွမှု (Inflation)ကို ဖြစ်ပေါ်စေပြီး ကုန်ဈေးနှုန်းများ တက်လာမည်ဖြစ်သည်။ အကယ်၍ နိုင်ငံအတွင်း လှည့်ပတ်သုံးစွဲနေသော ငွေပမာဏသည် ရှိသင့်သည်ထက် နည်းနေပါကလည်း ငွေကြေးကြပ်တည်းမှု (Deflation) ဖြစ်ပေါ်စေပြီး နိုင်ငံအတွင်း ကုန်ထုတ်လုပ်မှုများ ကျဆင်းခြင်း၊ အလုပ်အကိုင်ရှားပါးမှုများ ပေါ်ပေါက်ခြင်းစသည့် နိုင်ငံ၏စီးပွားရေး ကြပ်တည်းမှုများ ဖြစ်ပေါ်စေပါသည်။

(ခ) အစိုးရ၏ဘဏ်အဖြစ်ဆောင်ရွက်ခြင်း

ဗဟိုဘဏ်သည် အစိုးရက တည်ထောင်ထားသော ဘဏ်တစ်ခုဖြစ်ပြီး နိုင်ငံတော်အစိုးရကို ကိုယ်စားပြုသောဘဏ်အဖြစ် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ပါသည်။

(၁) အစိုးရ၏ ငွေစာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊
(၂) အစိုးရက လိုအပ်သောအခါတွင် အစိုးရအဖွဲ့သို့ ငွေများထုတ်ချေးခြင်း၊
(၃) နိုင်ငံတော်၏ကြွေးမြီ(National Debt)ကို စီမံခန့်ခွဲပေးခြင်း ထိုသို့ဆောင်ရွက်ရာတွင် ငွေတိုက်စာချုပ်များ (Treasury Bonds) ထုတ်ဝေခြင်းနှင့် ငွေကြေးမူဝါဒ (Monetary Policy)ကို အကောင်အထည်ဖော်ခြင်းအပြင် အစိုးရ၏ ဘဏ္ဍာရေးကိစ္စများကို အကြံပေးအဖြစ်ဆောင်ရွက်ခြင်း၊
(၄) အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကိစ္စများ(International Financial Matters)တွင် ကိုယ်စားလှယ် (Agent)အဖြစ်ဆောင်ရွက်ခြင်း၊ ဥပမာအားဖြင့် နိုင်ငံခြားငွေလဲလှယ်မှု ထိန်းချုပ်ရေး (Exchange Control)တွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် အပြည်ပြည်

mgyoe.com

mgyoe.com

ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund)စသော အဖွဲ့အစည်းများနှင့် လုပ်ငန်းသဘောအရ ဆက်သွယ် ဆောင်ရွက်ခြင်း၊

**(ဂ) ပြည်တွင်းရှိဘဏ်များအတွက် ဘဏ်လုပ်ငန်း ဆောင်ရွက်ပေးသူအဖြစ် ဆောင်ရွက်ခြင်း (Banker's Bank)**

ဗဟိုဘဏ်သည် ပြည်တွင်းရှိ အခြားဘဏ်များအားလုံးအတွက် ဘဏ်လုပ်ငန်းဆောင်ရွက်ပေးသူအဖြစ် အောက်ပါကိစ္စများကို ဆောင်ရွက်ပါသည်။

(၁) ကူးသန်းရောင်းဝယ်ရေးဘဏ်များ (Commercial Bank)က ၎င်းတို့၏ ပိုင်ဆိုင်သောငွေကြေးများမှ သတ်မှတ်ထားသော ရာခိုင်နှုန်းပမာဏကို ဗဟိုဘဏ်တွင် ရန်ပုံငွေ (Reserve Fund) အဖြစ် အပ်နှံထားရှိစေခြင်း၊

(၂) ကူးသန်းရောင်းဝယ်ရေးဘဏ်များက သူတို့၏ဖောက်သည်များ (Customers) သို့ ဘဏ်လုပ်ငန်းဝန်ဆောင်မှု (Banking Facilities)များ ပေးသကဲ့သို့ ဗဟိုဘဏ်ကလည်း ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် အခြားဘဏ်များသို့ ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း၊

(၃) ကူးသန်းရောင်းဝယ်ရေးဘဏ်များနှင့် အခြားဘဏ်များက ဗဟိုဘဏ်၏ ဘဏ္ဍာရေးဆိုင်ရာ အကြံပြုလမ်းညွှန်ချက်များကို နာခံရခြင်း၊

**(ဃ) နောက်ဆုံးငွေချေးငှားသူ (Lender of Last Resort) အဖြစ်ဆောင်ရွက်ခြင်း**

ဗဟိုဘဏ်သည် ငွေကြေးအကြီးအကျယ်လိုအပ်နေသော အဖွဲ့အစည်းများအတွက် ငွေကြေး ချေးငှားသည့်အကူအညီပေးပါသည်။ ဥပမာ – ကူးသန်းရောင်းဝယ်ရေးဘဏ်တစ်ခုသည် ငွေကြေးအထူးတလည် လိုအပ်နေပြီး ငွေကြေးအကူအညီမရပါက ဆက်လက်ရပ်တည်နိုင်ရန် မဖြစ်နိုင်တော့သည့် အခြေအနေတွင် ဗဟိုဘဏ်မှ အဆိုပါဘဏ်သို့ ချေးငွေအကူအညီများ ပေးပါသည်။

mgyoe.com

mgyoe.com


### (င) တိုင်းပြည်၏ ငွေကြေးမူဝါဒ (Monetary Policy)ကို ဆောင်ရွက်ခြင်း

အစိုးရ၏ စီးပွားရေးဆိုင်ရာ လုပ်ဆောင်မှုများအစဉ်ပြေစွာ လည်ပတ်နိုင်ရန်အတွက် ဗဟိုဘဏ်သည် ငွေကြေးမူဝါဒ (Monetary Policy)ကို ဆောင်ရွက်ရန် တာဝန်ရှိပါသည်။

Monetary Policy ဆိုသည်မှာ နိုင်ငံအတွင်း လည်ပတ်နေသော ငွေကြေးပမာဏ (Money Supply) အနည်းအများကို ထိန်းချုပ်ပေးခြင်းဖြစ်သည်။ နိုင်ငံအတွင်း လှည့်ပတ်နေသော ငွေကြေးပမာဏ အပေါ်မူတည်၍ စီးပွားရေးကဏ္ဍများဖြစ်သော ကုန်ထုတ်လုပ်မှု (Production)အလုပ်အကိုင်ရရှိမှု (Employment) နှင့် ကုန်ဈေးနှုန်းများ(Prices) ကို ထိန်းချုပ်ပေးနိုင်ပါသည်။

နိုင်ငံအတွင်း လှည့်ပတ်နေသော ငွေကြေးပမာဏ တိုးလာပါက ဝယ်လိုအား (Purchasing Power)တိုးလာမည်၊ ကုန်ထုတ်လုပ်မှု (Production) တိုးလာမည်။ ထို့အပြင် အလုပ်အကိုင်ရရှိမှု (Employment)လည်း တိုးလာမည်။ ထို့အတူ ကုန်ဈေးနှုန်း (Prices)များလည်း တိုးလာမည်ဖြစ်သည်။ ထိုအခါ ငွေကြေးဖောင်းပွမှု (Inflation)ဖြစ်လာမည်။ တစ်ဖန် နိုင်ငံအတွင်း လှည့်ပတ်နေသောငွေကြေး ပမာဏနည်းသွားပါက ဝယ်လိုအား (Purchasing Power) ကျသွားမည်။ ထိုအခါ ကုန်ထုတ်လုပ်မှု(Production) ကျသွားမည်။အလုပ်အကိုင် ရရှိမှု(Employment)ကျသွားသည်။ ထိုအခါ ငွေကြေးဖောင်းပွမှု (Inflation)၏ ဆန့်ကျင်ဘက်ဖြစ်သော ငွေကြေးကြပ်တည်းမှု (Deflation)ဖြစ်ပြီး နိုင်ငံစီးပွာရေးလည်း ကျသွားမည်။

သို့ဖြစ်၍ နိုင်ငံအတွင်း လှည့်ပတ်နေသော ငွေကြေးပမာဏ(Money Supply)ရှိသင့်သည်ထက် များနေလျှင်လည်းကောင်း၊ ရှိသင့်သည်ထက် နည်းနေလျှင်လည်းကောင်း၊ နိုင်ငံအတွက် စီးပွားရေးဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သဖြင့်၊ နိုင်ငံအတွင်း လှည့်ပတ်နေသော ငွေကြေးပမာဏကို ထိန်းချုပ်ပေးရန် အရေးကြီးသည်။ ဤတာဝန်ကို ဗဟိုဘဏ်မှ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ (ငွေကြေးမူဝါဒ (Monetary Policy) နှင့် ပတ်သက်၍ ဆောင်ရွက်လုပ်ကိုင်ပုံများကို သီးခြားတင်ပြပါဦးမည်။)

### (စ) ဗဟိုဘဏ်၏ အခြားဆောင်ရွက်ချက်များ

(၁) နိုင်ငံခြားငွေ လဲလှယ်ရေးထိန်းချုပ်မှု (Exchange Control)ကို

mgyoe.com

mgyoe.com


စီမံခန့်ခွဲခြင်း၊

(၂) အခြားနိုင်ငံများရှိဗဟိုဘဏ်များ၊ နိုင်ငံတကာငွေကြေး အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုကို နိုင်ငံ၏ဘဏ္ဍာရေးဝန်ကြီးဌာန (Ministry of Finance)ကိုယ်စားဆောင်ရွက်ပေးခြင်း၊

(၃) နိုင်ငံ၏ ဘဏ္ဍာရေးဈေးကွက်များ (Financial Market) အရင်းအနှီးဈေးကွက်(Capital Market) ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ခြင်း၊

(၄) နိုင်ငံတော်၏ နိုင်ငံခြားငွေလက်ကျန် (Foreign Exchange Reserve)နှင့် အခြားပိုင်ဆိုင်မှုများ (Other Assets) ထိန်းချုပ်မှုအတွက် ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စားဆောင်ရွက်ပေးခြင်း၊

## ကူးသန်းရောင်းဝယ်ရေးဘဏ် (Commercial Bank) များ၏ဆောင်ရွက်ချက်များ

ဘဏ်စနစ်တွင် ဗဟိုဘဏ်၏လက်အောက်တွင် ကူးသန်းရောင်းဝယ်ရေးဘဏ်များရှိကြသည်။ ကုမ္ပဏီများနှင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းတို့သည် ဘဏ်များတွင်ငွေအပ်နှံခြင်း၊ ဘဏ်စာရင်းများဖွင့်ခြင်း၊ ငွေထုတ်ယူခြင်း၊ ငွေများလွှဲပြောင်းပေးပို့ခြင်းများကို ကူးသန်းရောင်းဝယ်ရေးဘဏ်များတွင် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ကြရသည်။ ကူးသန်းရောင်းဝယ်ရေးဘဏ်များ၏ လုပ်ဆောင်ချက်များသည် အောက်ပါအတိုင်းဖြစ်ပါသည်။

### (က) အပ်နှံငွေများကို လက်ခံခြင်း (Accepting Deposits)

အပ်နှံငွေဆိုသည်မှာ ကုမ္ပဏီများ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ခြင်းက မိမိပိုင်ငွေများကို ဘဏ်တွင်စာရင်းရှင်အပ်ငွေ (Current Account Deposits)နှင့် စုဆောင်းငွေအပ်ငွေ (Saving Account Deposits)များကို ဘဏ်က လက်ခံထိန်းသိမ်းပေးခြင်းဖြစ်ပါသည်။ စာရင်းရှင်အပ်ငွေဆိုသည်မှာ အတိုး (Interest)မရရှိသော အပ်ငွေ၊ ချက်လက်မှတ် (Cheque) ဖြင့် ငွေထုတ်ယူခွင့်၊ လွှဲပြောင်းပေးချေခွင့် ရှိသောအပ်ငွေဖြစ်ပါသည်။ စုဆောင်းငွေ အပ်ငွေဆိုသည်မှာ တစ်နှစ်ကာလအတွင်း အတိုးငွေများကို ဘဏ်မှပေးရသော အပ်ငွေဖြစ်ပါသည်။

mgyoe.com

mgyoe.com


(ခ) ချက်လက်မှတ် (Cheque)များဖြင့် ငွေထုတ်ယူခွင့်နှင့် ငွေလွှဲပြောင်းပေးခွင့်ပြုခြင်း

စာရင်းရှင်အပ်ငွေ (Current Account)တွင်အပ်ထားငွေများအတွက် ချက်လက်မှတ်ဖြင့် ငွေထုတ်ယူခွင့် ငွေလွှဲပြောင်းပေးခွင့်ပြုခြင်း။

(ဂ) ချေးငွေထုတ်ပေးခြင်း (Lending Money)

ကုမ္ပဏီများ၊ ပုဂ္ဂိုလ်တစ်ဦးချင်းနှင့်အစိုးရအဖွဲ့အစည်းများသို့ ချေးငွေများ ထုတ်ချေးခြင်း။

(ဃ) ငွေများကောက်ခံပေးခြင်း (Collect Payments)

အစုရှယ်ယာများ၊ ငွေချေးစာချုပ်များ ရောင်းဝယ်ခြင်းအတွက် ရရန်ရှိငွေများကို ဘဏ်တွင် စာရင်းဖွင့်ထားသော ဖောက်သည်များ (Customers) အတွက် ငွေများသိမ်းဆည်းကောက်ခံပေးခြင်း။

(င) ပေးရန်ရှိငွေများကို ဘဏ်တွင် စာရင်းဖွင့်ထားသူများ ကိုယ်စား ငွေပေးချေခြင်း

ဘဏ်တွင် စာရင်းဖွင့်ထားသော ဖောက်သည်များ (Customers)၏ ပုံမှန် ပေးရန်ရှိသော စရိတ်စကများ (Periodic Payments) ဥပမာအားဖြင့် ကား ဝယ်ယူခြင်းအတွက် အရစ်ကျပေးငွေ (Instalment)၊ အာမခံကြေးပေးငွေ (Insurance Premium)အစရှိသော ပေးရန်ရှိသည့် ငွေများအတွက် ဘဏ်မှ ဖောက်သည်များကိုယ်စား ငွေပေးချေခြင်း။

(စ) ကြွေးမြီများ လွှဲပြောင်းပေးချေခြင်း (Credit Transfer)

ပေးချေရန်ရှိသော ကြွေးမြီများကို မြီရှင်(Creditors)များသို့ပေးချေရာတွင် မြီရှင်တစ်ဦးချင်းသို့ ချက်လက်မှတ်တစ်စောင်ချင်း ပေးချေမည့်အစား၊ သက်ဆိုင်ရာ မြီရှင်များစာရင်းဖွင့်ထားသော ဘဏ်စာရင်းများသို့ ငွေလွှဲပြောင်းပေးချေသည့် ကိစ္စကိုဘဏ်တွင် စာရင်းဖွင့်ထားသော ဖောက်သည် (Customer)၏ တာဝန် ပေးချက်အရ ငွေများလွှဲပြောင်းပေးသည့်လုပ်ငန်း (Credit Transfer)ကို ဆောင်ရွက်ပေးခြင်း။

mgyoe.com

mgyoe.com


**(ဆ) ဘဏ်ငွေလွှဲလက်မှတ် (Bank Draft) ခရီးသွား ချက်လက်မှတ် (Traveller's Cheque) များနှင့် နိုင်ငံခြားငွေလွှဲစာတမ်း (Letter of Credits L/C) များ ဆောင်ရွက်ပေးခြင်း**

ဘဏ်ငွေလွှဲလက်မှတ်(Bank draft)ဆိုသည်မှာ ဘဏ်တစ်ခု၏ ချက်လက်မှတ်တွင်ရေးထိုးပေးလိုက်သကဲ့သို့ ငွေပေးချေလိုသော မြို့ရှင်တစ်ဦး တစ်ယောက်သို့ ငွေထုတ်ပေးခြင်းအတွက် ချက်လက်မှတ်ကို လက်မခံလိုပါက ဘဏ်ငွေလွှဲလက်မှတ်ကို ထုတ်ပေး၍ ငွေပေးချေနိုင်ပါသည်။

ခရီးသွားချက်လက်မှတ်(Traveller's Cheque)ဆိုသည်မှာ နိုင်ငံခြား (သို့မဟုတ်) မိမိနေထိုင်သော မြို့မှ အခြားမြို့တစ်မြို့သို့ ခရီးသွားရောက်သည့်အခါ ငွေများသယ်ယူမသွားလိုသဖြင့် သယ်ယူသွားလိုသော ငွေပမာဏကို မိမိနေထိုင်ရာမြို့၏ ဘဏ်တွင် ငွေပေးသွင်းပြီး ခရီးသွားချက်လက်မှတ်တွင် အဆိုပါ ငွေပမာဏ ရေးသားပြီး ခရီးသွားချက်လက်မှတ်ကို ထုတ်ယူသွားခြင်းဖြစ်သည်။ အဆိုပါခရီးသွားသူသည် ရောက်သည့်နေရာရှိ ဘဏ်ခွဲတွင် ထုတ်ယူလာသော ခရီးသွားချက်လက်မှတ်အပေါ်တွင် ၎င်း၏လက်မှတ်ရေးထိုး၍ ငွေထုတ်ယူခွင့် ရှိပါသည်။ ထိုသို့ ခရီးသွားချက်လက်မှတ်ကို သယ်ယူသွားခြင်းဖြင့် ငွေ များများစားစားသယ်ယူ သွားရန်မလိုသဖြင့် ငွေများခိုးယူမှု၊ ပျောက်ဆုံးမှုများ မရှိနိုင်သကဲ့သို့ ခရီးသွားချက်လက်မှတ်ကိုလည်း အခြားသူတစ်ဦးဦးက ခိုးယူသွားပြီး ငွေထုတ်၍ မရနိုင်ပေ။

နိုင်ငံခြားငွေလွှဲစာတမ်း (Letter of Credit L/C) ဆိုသည်မှာ နိုင်ငံခြားမှ ကုန်ပစ္စည်းတင်သွင်းခြင်း (Import)လုပ်သည့်အခါတွင် နိုင်ငံခြားရှိ ကုန်ပစ္စည်း ပေးပို့သူသို့ ပေးပို့သောကုန်ပစ္စည်းဖိုးငွေများ ပေးချေရန်အတွက် နိုင်ငံခြားငွေ (Foreign Exchange)ကို မိမိနိုင်ငံ၏ဘဏ်တွင် ပေးသွင်းပြီး၊ နိုင်ငံခြားရှိ ပစ္စည်း ပေးပို့သူက ညွှန်ကြားသော ဘဏ်သို့လွှဲပြောင်းပေးသည့် စာတမ်းဖြစ်ပါသည်။ နိုင်ငံခြားရှိ ပစ္စည်းပေးပို့သူသည် သူ၏ပစ္စည်းများကို သင်္ဘောပေါ်သို့တင်ပေးစဉ် သင်္ဘောအရာရှိမှ ထုတ်ပေးသောသင်္ဘောသို့ ပစ္စည်းတင်ပေးသော အထောက်အထား စာရွက်စာတမ်းများ (Shipping Documents)ဖြင့် သက်ဆိုင်ရာ ဘဏ်တိုက်တွင် ပြသ၍ သင်္ဘောတင်ကုန်ပစ္စည်းများအတွက် ကျသင့်ငွေများကို ထုတ်ယူ ရရှိနိုင်ပါသည်။

◉

mgyoe.com

mgyoe.com

# အပိုင်း(၂)
## ငွေကြေးမူဝါဒ

ငွေကြေးနှင့် ဘဏ်စနစ်တင်ပြစဉ်က ဗဟိုဘဏ် (Central Bank) မှ ဆောင်ရွက်ထားရှိသော လုပ်ငန်းတစ်ခုအဖြစ် ငွေကြေးမူဝါဒ(Monetary Policy)ကို အကြမ်းဖျဉ်း တင်ပြခဲ့ပါသည်။ နိုင်ငံအတွင်း လည်ပတ်သုံးစွဲနေသော ငွေကြေးပမာဏ (Money Supply)ကို ဗဟိုဘဏ်မှ ထိန်းကြောင်းပေးခြင်းဖြင့် နိုင်ငံ၏ အရေးပါသော စီးပွားရေးကဏ္ဍများဖြစ်သည့် ကုန်ထုတ်လုပ်မှု (Production)၊ အလုပ်အကိုင်ရရှိမှု (Employment) နှင့် နိုင်ငံအတွင်း ဖြစ်ပေါ်နေသော ကုန်ဈေးနှုန်း (Prices)ကို ထိန်းကြောင်းပြုပြင်ပေးခြင်းဖြစ်သည်။

ထပ်မံ၍ အသေးစိတ်တင်ပြရလျှင် နိုင်ငံ၏စီးပွားရေး ကျဆင်းနေချိန် (Recession)ကာလတွင် တိုင်းပြည်ငွေကြေးလည်ပတ်မှု အားနည်းနေချိန်၊ တစ်နည်းအားဖြင့် နိုင်ငံအတွင်း (Money Supply) နည်းနေချိန်တွင် (Money Supply)တိုးလာအောင် ငွေကြေးလည်ပတ်မှု (Availability of Credit) တိုးပွားလာအောင် ဖန်တီးပေးခြင်းဖြင့် ငွေကြေးသုံးစွဲနိုင်မှုတိုးပွားလာပြီး ကုန်ထုတ်လုပ်မှု (Production) တိုးပွားလာစေကာ လူအများ အလုပ်အကိုင်ရရှိမှု (Employment) ပိုမိုဖြစ်ထွန်းလာသဖြင့် နိုင်ငံ၏ စုစုပေါင်းဝင်ငွေ (Agregate Income) တိုးလာစေပါသည်။ သို့ဖြစ်၍ နိုင်ငံတော်စီးပွားရေးလည်း တက်လာမည် ဖြစ်ပါသည်။ တစ်ဖန်နိုင်ငံ၏ စီးပွားရေးကောက်နေချိန် (Boom) ကာလတွင် နိုင်ငံအတွင်း ငွေကြေးလည်ပတ်မှု အလွန်ကောင်းနေပြီး နိုင်ငံတော် ငွေကြေးလည်ပတ်မှု (Money Supply)များပြားနေသော အချိန်ဖြစ်ပါသည်။ နိုင်ငံ၏ ငွေကြေး လည်ပတ်သုံးစွဲမှု (Money Supply)များပြားနေသောအချိန်တွင် ငွေကြေးဖောင်းပွမှု (Inflation) ဖြစ်ပေါ်စေနိုင်ပြီး အထွေထွေကုန်ဈေးနှုန်းများ တက်လာမည်ဖြစ်

mgyoe.com